ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

# ဦးနိုင်စိုးအား မတရားဖမ်းဆီး ချုပ်နှောင်ထားခြင်းနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

နေ့စွဲ - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်

မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လူမှုရေးဌာနတာဝန်ခံ ဦးနိုင်စိုးကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့ ညနေ (၁၆ း ၄၅) အချိန်တွင် စစ်တွေမြို့ရှိ ၎င်း၏မိဘနေအိမ်မှ ဒေသအစိုးရ အာဏာပိုင်များက အထက်အမိန့်အရ မေးမြန်းရန်ရှိသည်ဟုဆိုကာ မတရားသဖြင့် ဖမ်းဆီးသွားခဲ့ ပါသည်။

ဖမ်းဝရမ်းလည်းမပါ၊ ခိုင်လုံသောအကြောင်းပြချက်လည်းမရှိဘဲ စစ်ဆေးမေးမြန်းရန်ဟုဆိုကာ ခေါ်ဆောင်သွားပြီး နောက် ယခုအချိန်ထိ ပြန်မလွှတ်ပေးသည့်အပြင် (၂၄-၂-၂၀၁၈) ရက်နေ့က ဖြစ်ပျက်ခဲ့သော စစ်တွေမြို့ရှိ ဗုံးပေါက်ကွဲမှု ဖြစ်စဉ်နှင့်ဆက်စပ်ကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (က) (ဈ) တို့ဖြင့် ချုပ်ရက်ရမန်ယူပြီး ဆက်လက် ထိန်းသိမ်းလျှက် တရားစွဲဆိုရန် ပြင်ဆင်နေပါသည်။

(၂၄-၂-၂၀၁၈) ရက်နေ့တွင် ဖြစ်ပွါးခဲ့သော စစ်တွေမြို့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် မိမိတို့ ANC အနေဖြင့် ဖြစ်စေ၊ အဖွဲ့ဝင်များအနေဖြင့်ဖြစ်စေ ပါဝင်ပတ်သက်မှု မရှိပါကြောင်း အတိအလင်း ဖော်ပြလိုပါသည်။ ဦးနိုင်စိုးကို ယခုကဲ့သို့ မတရား ဖမ်းဆီးထိန်းသိမ်း၍ ကြီးလေးသောပုဒ်မတို့ဖြင့် ချုပ်ရက်ရမန်ယူ ထိန်းသိမ်းထားခြင်းမှာ ဓားစာခံ တရားခံအဖြစ် အကြံအစည်ရှိရှိ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါသည်။

ဦးနိုင်စိုးမှာ ကျန်းမာရေး မကောင်း၍ ဆေးကုသမှုကို ပုံမှန်ခံယူနေရသဖြင့် ၎င်း၏မိဘနေအိမ်၌ မိသားစုနှင့်အတူ နေထိုင်နေသူ ဖြစ်ပါသည်။ ၎င်း၏ကျန်းမာရေးအတွက် မိမိတို့အနေဖြင့် လွန်စွာ စိုးရိမ်ပူပန်မိ ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လတွင် ဦးနိုင်စိုး၏ ဖခင်ဖြစ်သူ ဦးမောင်သိန်းကိုလည်း ဒေသအစိုးရအာဏာပိုင်များမှ လူမှား၍ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ရက်ပိုင်းအတွင်း အသက်ဆုံးပါးသွားခဲ့ရပါသည်။

ဦးနိုင်စိုးမှာ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ANC ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။ ဦးနိုင်စိုးကို ယခုကဲ့သို့ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းမှာ လက်ရှိအစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြီးမားစွာ အနှောင့်အယှက်ဖြစ်စေပါသည်။

သို့ဖြစ်၍ ဦးနိုင်စိုးကို မတရား ဖမ်းဆီးထိန်းသိမ်းထားခြင်းမှ အမြန်ဆုံး ပြန်လည်လွှတ်ပေးပါရန် လေးနက်စွာ တောင်းဆိုသည်။ တခြားသော ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့်ပတ်သက်သည့် စီရင်ချက်များကိုလည်း အစိုးရအာဏာ ပိုင်များအနေဖြင့် အမှန်တရားနှင့် တရားမျှတမှုတို့အပေါ် အခြေခံ၍ ဥပဒေနှင့်ညီညွတ်စွာဆောင်ရွက်ရန် တိုက်တွန်းပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)